မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ်
သီလဝါ

**Income Restoration Program in Thilawa**

## သီလဝါအထူးစီးပွားရေးဇုန်နှင့်သက်ဆိုင်သောမကျေနပ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းကိုစီမံကိန်းကြောင့်ထိခိုက်သောလူထုများအားရှင်းလင်းမိတ်ဆက်ခြင်း (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၇ရက်)





သီလဝါအထူးစီးပွားရေးဇုန်နှင့်သက်ဆိုင်သောမကျေနပ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်း(TCMP)ကိုစီမံကိန်းကြောင့်ထိခိုက်မှုရှိသောကျေးရွာများတွင် အ ဆက်မပြတ်ပြုလုပ်လာခဲ့ရာ ၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၇ရက်နေ့တွင်ရွှေပျောက်ကျေးရွာအုပ်စု၌မိတ်ဆက်ရှင်းလင်းပွဲပြုလုပ်ကျင်းပခဲ့ပါသည်။အဆိုပါပွဲသို့သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီ (TSMC) မှအရာရှိများ၊ လူထုဆက်ဆံရေးအရာရှိနှင့်ကျေးရွာနေလူထုစုစုပေါင်း(၇၂)ဦးတက်ရောက်ခဲ့ကြပါသည်။မိတ်ဆက်ရှင်းလင်းပွဲများပြုလုပ်ရခြင်းသည် သီလဝါအထူးစီးပွားရေးဇုန်နှင့်သက်ဆိုင်သောထိခိုက်မှုတစ်စုံတရာရှိလာခဲ့ပါက TCMP ဖြင့်အချိန်မရွေးလာရောက်တိုင်ကြားနိုင်ကြောင်း၊အဆိုပါဖြေရှင်းမှုယန္တရား၏ လုပ်ဆောင်ချက်အဆင့်ဆင့်များနှင့် လက်ရှိဆောင်ရွက်နေမှုအခြေအနေများကိုလူထုထံသိရှိနားလည်စေလိုသောရည်ရွယ်ချက်ဖြင့်ပြုလုပ်ကျင်းပခြင်းဖြစ်ပါသည်။ စီမံကိန်းကြောင့်ထိခိုက်သည်ဟုသက်မှတ်ထားသောကျေးရွာ(၁၁)ရွာရှိသည့်အနက်ကျေးရွာ(၅)ရွာတွင်ယခုကဲ့သို့ မိတ်ဆက်ရှင်းလင်းပွဲများ ပြုလုပ်ခဲ့ပြီးဖြစ်ပါ သည်။

## TCMP rollout activity was conducted with Thilawa SEZ project affected communities on 7th July 2019





Thilawa Complain Management Procedure (TCMP) has been introduced to the projected affected communities (PACs) in the years. On 7th July 2019, the rollout meeting was organized by TSMC at Shwe Pyauk village tract and total 72 participants including Community Relation Officer, officers from TSMC and local community attended the meeting. The purpose of the rollout activity is to give the awareness that the affected community can raised their concerns or complains through by TCMP and to explain the procedures of TCMP, operations and the resolution status. There are total 11 PACs and rollout activity has been conducted with 5 PACs out of 11.

## မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်အကြောင်းအလုပ်ရုံဆွေးနွေးပွဲ ( ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၁ရက်)





၂၀၁၉ခုနှစ်ဇူလိုင်လ ၂၁ရက်နေ့တွင်ကျောက်တန်းမြို့နယ်အေးမြသီတာရပ်ကွက်ဓမ္မာရုံ၌ဇုန်(ဘီ)အပိုင်း(၃)မှစီမံကိန်းကြောင့်ထိခိုက်သူများနှင့် မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်(IRP) အကြောင်းအလုပ်ရုံဆွေးနွေးပွဲတစ်ခုပြုလုပ်ခဲ့ပါသည်။ဆွေးနွေးပွဲသို့ အပိုင်း(၃)မှပြောင်းရွှေ့နေရာချထားခံရသောအိမ်ထောင်စုများနှင့် ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့ တက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင်မူလဝင်ငွေပြန်လည်ရရှိရေး(IRP)၏အဓိကလုပ်ငန်းစဉ်များဖြစ်သည့် လူထုဆွေးနွေးပွဲများကျင်းပခြင်း၊ နည်းပညာဆိုင်ရာကူညီမှု၊ အားနည်းသောအိမ်ထောင်စုများအား ထောက်ပံ့ခြင်းအစီအစဉ်နှင့် စောင့်ကြည့်စစ်ဆေးခြင်း စသည်တို့ကို အသေးစိတ်မိတ်ဆက်ရှင်းလင်းခဲ့ပါသည်။ထို့နောက် ဇုန်(ဘီ)အပိုင်း(၃)မှ ပြောင်းရွှေနေရာချထားခံရသောမိသားစုများနှင့်အတူ၄င်းတို့၏အနာဂတ်မျှော်မှန်းချက်များအတွက်ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ခဲ့ကြပါသည်။

## IRP consultation workshop with Zone B phase 3 PAPs (Physically affected persons) on 21st July 2019





IRP consultation workshop was made with Zone B phase 3 physically affected persons at Aye Mya Thida community center, Kyauktan Township on 21st May 2019.JET and family members from Zone B Phase (3) PAHs attended the meeting. First of all, the awareness of IRP main activities which include the series of consultation meetings with PAPs, technical supports, vulnerable people program, follows up and monitoring were introduced and explained. After that the group discussion was made with the PAPs to know their current living conditions and future vision.

Thilawa Resettlement IRP Technical Assistance Team, Address: Dagon – Thilawa Road,Thilawa SEZ, Thanlyin Township,
Email: irp_information@irpthilawa.com , Phone Number: +959779623649

## (၁၀)ကြိမ်မြောက်သီလဝါအထူးစီးပွားရေးဇုန်မှတာဝန်ရှိသူများ နှင့် ဒေသခံကိုယ်စားလှယ်များတွေ့ဆုံမှု (TCC) အစည်းအဝေးအားကျင်းပခြင်း (၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၄ ရက်)




(၁၀)ကြိမ်မြောက်သီလဝါအထူးစီးပွားရေးဇုန်မှတာဝန်ရှိသူများနှင့် ဒေသခံကိုယ်စားလှယ်များတွေ့ဆုံမှု(TCC)အစည်းအဝေးကိုမြန်မာ-ဂျပန်သီလဖွံ့ဖြိုးရေးလိမိတက်MJTDအစည်းအဝေးခန်းမ၌၂၀၁၉ခုနှစ်ဇူလိုင်လ၂၄ရက်နေ့တွင်ကျင်းပခဲ့ပါသည်။ထိုအစည်းအဝေးပွဲသို့ MJTDမှတာဝန်ရှိလူကြီးများ၊ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စီမံကိန်းကြောင့် ထိခိုက်ခံရသောကျေးရွာများမှ ဒေသခံကိုယ်စားလှယ်များ၊စီမံကိန်းကြောင့်ထိခိုက်သူများနှင့်သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတို့မှ စုစုပေါင်း(၃၀)ဦး တက်ရောက်ခဲ့ကြပါသည်။အစည်းအဝေးပွဲကျင်းပရခြင်း၏အဓိကရည်ရွယ်ချက်များမှာ သီလဝါအထူးစီးပွားရေးဇုန်မှအနီးအနားရှိပတ်ဝန်းကျင်ကျေးရွာများအတွက်ဆောင်ရွက်ပေးရန်စီစဉ်ထားသောဒေသဖွံ့ဖြိုးရေးဆိုင်ရာလူမှုရေးတာဝန်ယူမှု လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ပေးထားပြီးဖြစ်သောကိစ္စရပ်များအားပြန်လည်စစ်ဆေးသုံးသပ်ရန်၊ဒေသခံလူထုထံမှတောင်းဆိုချက်များနှင့် မကျေနပ်ချက်များအား သိရှိရန်တို့ဖြစ်သည်။

## 10th Thilawa Community Coordination Meeting (TCC) was held on 24th July 2019




10th Thilawa Community Coordination (TCC) meeting was held at Myanmar-Japan Thilawa Development Office (MJTD) on 24th July 2019. 30 participants including officers from MJTD, Thilawa SEZ Management Committee (TSMC), village/ward administrators, representatives from project affected communities (PACs) and project affected persons (PAPs) attended the meeting respectively. The purpose of the meeting is to review the Corporate Social Responsibility (CSR) activities for PACs that have been done and planning by MJTD, and to know the requests and complaints from the communities.

## ဇူလိုင်လအတွက်အားနည်းသောအိမ်ထောင်စုများအား ထောက်ပံ့ခြင်းအစီအစဉ် ၂၀၁၉ခုနှစ် ဇူလိုင်လ ၂၅ရက်



မူလဝင်ငွေပြန်လည်ရရှိစေရေးအစီအစဉ်တစ်ရပ်အနေဖြင့်ဇုန်(ဘီ)စီမံကိန်းကြောင့်ထိခိုက်သော အိမ်ထောင်စုများထဲမှ အားနည်းသောအိမ်ထောင်စုများအားလစဉ်ထောက်ပံ့ခြင်းအစီအစဉ်ကို၂၀၁၉ခုနှစ်ဇူလိုင်လ(၂၅)ရက်နေ့တွင်ဇုန်(ဘီ)ပြန်လည်နေရာချထားရေးနေရာတွင်ပြုလုပ်ခဲ့ပါသည်။ ဇွန်လတွင်ပြုလုပ်ခဲ့သော စစ်တမ်းကောက်ချက်များအရ အားနည်းသောမိသားစုများအား ထောက်ပံ့ခြင်းအစီအစဉ်၏စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီသည့်အိမ်ထောင်စုတစ်စုကိုထပ်မံပေါင်းထည့်၍ စုစုပေါင်းအိမ်ထောင်စု ၂၃ စုမှ မိသားစုဝင် ၅၃ ဦးတို့အား ယခုလအတွက်ထောက်ပံ့ပေးခဲ့ပါသည်။

## Vulnerable people program for July 25th July 2019



Monthly Vulnerable People Program was provided as a part of IRP activities on 25th July 2019. According to the monitoring result in June, one household which is entitled with one of the VPP criteria was added to VPP starting from last month. Basic foodstuffs are provided for those total 53 family members from 23 vulnerable households.